# တရားမျှတမှုဆီသို့ ခြေလှမ်းနီးကပ်လာစေရန်အတွက် မင်းအောင်လှိုင်အား ဖမ်းဝရမ်းလျှောက်ထားမှုကို ကြိုဆိုလိုက်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်။

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး (ICC)၏ တရားသူကြီးများသည် တရားလိုရှေ့နေရုံးမှတင်သွင်းသည့်လျှောက်ထားချက်ကို တုံ့ပြန်သည့်အနေဖြင့် မြန်မာစစ်တပ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က ပြောကြားသည်။

ရိုဟင်ဂျာများသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ၎င်းတို့၏ အသိုင်းအဝိုင်းအပေါ် ကျူးလွန်ခဲ့သော ကြီးလေးသောရက်စက်ကြမ်းကြုတ်မှုများအတွက် တရားမျှတမှုကို ဆက်လက်တောင်းဆိုနေကြသည်။

ယခင်ကထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အာဏာပေးအပ်ခံရသူများ အနေဖြင့် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာဥပဒေအရ ပြစ်မှုကြီးများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာများ တင်ပို့ခဲ့သည်။ မင်းအောင်လှိုင်၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရက်စက်ကြမ်းကြုတ်မှုများအား အသက်ရှင်သန်လွတ်မြောက်လာသူများထံမှ ၎င်း တွေးပုံဖွယ်ရာပင်မရှိသော ထိတ်လန့်ဖွယ်ဖြစ်ရပ်များကို ကျွန်ုပ်တို့ကိုယ်တိုင် နားနှင့် ဆတ်ဆတ်ကြားခဲ့ရသည်။

ကျွန်ုပ်တို့သည် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ အသုံးပြုသော အတိအလင်းနှင့် စနစ်တကျဖြစ်သော အကြမ်းဖက်မှုပုံစံများကိုဖော်ထုတ်ခဲ့ပြီး မင်းအောင်လှိုင်နှင့် ၎င်း၏ထိပ်တန်းစစ်ခေါင်းဆောင်များကို လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရန် အရေးတကြီးတောင်းဆိုခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး (ICC) ၏ တရားလိုရှေ့နေရုံးမှ ရိုဟင်ဂျာများအား အနာဂတ်ကင်းတိစေမှုနှင့် နှိပ်စက်ဖိနှိပ်မှုတို့အတွက် လူသားချင်းစာနာမှုဆိုင်ရာရာဇဝတ်မှုများအပေါ် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ရန် တရားရုံးသို့ လျှောက်ထားချက်တင်သွင်းထားကြောင်း ယမန်နေ့က တရားလိုရှေ့နေ၏ကြေညာချက်အား ဖော်ပြပါအကြောင်းရင်းများကြောင့် အလွန်လက်ခံကြိုဆိုလိုက်သည် ဖြစ်ပြီး ယခုအချိန်ထက်ပို၍ သင့်တော်သောအချိန်ပင် ရှိနိုင်မည်မဟုတ်ပေ။

နိုင်ငံတကာဥပဒေအရ အကြီးလေးအပြင်းထန်ဆုံးသော ရာဇဝတ်မှုကျူးလွန်သူများ ပြစ်ဒဏ်မှ ကင်းလွတ်နေသည့်အဖြစ်မှာ မြန်မာနိုင်ငံတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖွတ်ဖွတ်

ညက်ညက်ကြေစေသည့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားစေရန်အလို့ငှာ ၎င်းကဲ့သို့သော ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းမှ လေပင့်ပေးလျက်ရှိစဉ်အတွင်း ကျူးလွန်ခံရသူများမှာလည်း ၎င်းတို့အတွက် ရသင့်ရထိုက်ပြီး လိုအပ်လှသည့် တရားမျှတမှုမှာလည်း ဆက်လက်ပိတ်ဆို့ထားခံရသည်။ ယနေ့တွင် ထိုပြစ်ဒဏ်မှ ကင်းလွတ်မှုအား ဆုံးခန်းတိုင်စေရန်အလို့ငှာ တလှမ်းသာ၍နီးစပ်လာပြီဖြစ်သည်။

ICC တရားသူကြီးများအနေဖြင့် လျှောက်ထားချက်အားလက်ခံရန် မြန်မြန်ဆန်ဆန် အဆုံးအဖြတ်ပေးပြီး တရားလိုရှေ့နေမှတင်ပြထားသော မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ အဆင့်မြင့်အရာရှိများအား ဖမ်းဆီးရန် ဝရမ်းလျှောက်လွှာများကို နှောင့်နှေးမှုမရှိ၊ ဆောလျင်စွာ ထုတ်ပြန်နိုင်ရေးအတွက် SAC-M မှ တောင်းဆိုလိုက်သည်။

တရားလိုရှေ့နေ၏တောင်းဆိုချက်ကို နားမလည်နိုင်ဖွယ်ရာ ငြင်းပယ်ခြင်းပြုသည်ဆိုပါက ရိုဟင်ဂျာများနှင့် မြန်မာပြည်သူများ၏ တွေးပုံ့ဖွယ်ရာပင်မရှိသော ဆင်းရဲဒုက္ခများအား ထည့်သွင်းစဉ်းစားရန် တရားရုံး၏ မယုံကြည်နိုင်လောက်အောင်ပင် အရှက်ရစေမည့် တာဝန်ဝတ္တရားတမင်ပျက်ကွက်ခြင်းပင် ဖြစ်ပေတော့မည်။